# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 24, 2022 Volume 50, Number 15


၂၄.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၁၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၂.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၆၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၈၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး ပြန်လည်ဖွင့်လှစ်ခဲ့သည့် သုံးလအတွင်း စစ်တွေနှင့်မောင်တောနယ်စပ်စခန်းနှစ်ခုမှ ကုန်သွယ်မှုဒေါ်လာ ၁၂ ဒသမ ၂၁၄ သန်းရှိကာ နယ်စပ်ကုန်သွယ်မှု ပုံမှန်လည်ပတ်လျက်ရှိ



https://news-eleven.com/article/224375

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး ပြန်လည်ဖွင့်လှစ်ခဲ့သည့် သုံးလအတွင်း စစ်တွေနှင့်မောင်တောနယ်စပ်ကုန်သွယ်ရေး စခန်းနှစ်ခုမှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၂ ဒသမ ၂၁၄ သန်းရှိကာ နယ်စပ်ကုန်သွယ်မှု ပုံမှန်လည်ပတ်လျက်ရှိကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။

စစ်တွေကုန်သွယ်ရေးစခန်း (ရွှေမင်းဂံ)ဆိပ်ကမ်းမှ ပို့ကုန်ဒေါ်လာ ၇ ဒသမ ၀၂၅ သန်းနှင့် သွင်းကုန်ဒေါ်လာ ၀ ဒသမ ၀၆ သန်း ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီး မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ဒေါ်လာ ၅ ဒသမ ၁၂၄ သန်းနှင့် သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၄၄ သန်း ကုန်သွယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေချိုငါးအများဆုံးတင်ပို့ခဲ့ပြီး ရေထွက်ပစ္စည်းတင်ပို့မှုတန်ချိန် ၆၇၀၀ ခန့် (ဒေါ်လာ ၈ ဒသမ ၀၂၃ သန်း) အား တင်ပို့ခဲ့ရာတွင် စစ်တွေကုန်သွယ်ရေးစခန်းမှ တန်ဖိုး ၃ ဒသမ ၆၅ သန်း တင်ပို့ခဲ့ပြီး မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း (ကညင်ချောင်းဆိပ်ကမ်း)မှ ၄ ဒသမ ၃၇ သန်းတင်ပို့ခဲ့သည်။

ကိုဗစ်တတိယလှိုင်းကာလကြောင့် စစ်တွေ၊ မောင်တောကုန်သွယ်ရေးစခန်းနှစ်ခုအား ပိတ်ထားခဲ့ရာမှ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး စည်းကမ်းချက်များချမှတ်ပြီး ပြန်လည်ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသည်။

မြန်မာဖက်မှ ပို့ကုန်များအား ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၆ မှစတင် တင်ပို့ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်အထိ ကုန်သွယ်မှုစာရင်းများအရ စစ်တွေနှင့်မောင်တောစခန်းနှစ်ခုမှ ပို့ကုန်ဒေါ်လာ ၈ ဒသမ ၄၇၈ သန်းနှင့် သွင်းကုန်ဒေါ်လာ ၀ ဒသမ ၀၃၈ သန်း ကုန်သွယ်မှုပြုလုပ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စစ်တွေရွှေမင်းဂံဆိပ်ကမ်းနှင့် မောင်တောကညင်ချောင်း ကုန်သွယ်ရေးဆိပ်ကမ်းတို့ကို ကိုဗစ်-၁၉ တတိယလှိုင်းကြောင့် ဇူလိုင် ၁၅ ရက်မှစ၍ ပိတ်ထားခဲ့ရာမှ လက်ရှိအချိန်တွင် ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်သည်။

ကိုဗစ်-၁၉ တတိယလှိုင်းကြောင့် ၂၀၂၁ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ပိတ်ထားခဲ့ရသော နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုဖြစ်သည့် စစ်တွေရွှေမင်းဂံဆိပ်ကမ်းနှင့် မောင်တောကညင်ချောင်း ကုန်သွယ်ရေးဆိပ်ကမ်းတို့အား အောက်တိုဘာ ၁၃ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုဗစ်စည်းကမ်းချက် များကို လိုက်နာလျက် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ကုန်သွယ်မှုများ အမြန်ဆုံးစတင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် သိရှိလိုသည့် သတင်းအချက်အလက်များကို အသင်းရုံးသို့ စုံစမ်းမေးမြန်းနိုင်ပြီး သတ်မှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းစည်းကမ်းချက်များအနေဖြင့် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူများသာ ကုန်သွယ်မှုဆိပ်ကမ်းထဲသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်မှကုန်ချပြီး ပြန်လည်ရောက်ရှိလာသော ရေယာဉ်များသည် ရွှေမင်းဂံဆိပ်ကမ်းချောင်းရှိ သတ်မှတ်ထားသောနေရာ(ရေလယ်)တွင် ကျောက်ချရပ်နားပြီး Quarantine ၁၀ ရက် ခံယူရမည်ဖြစ်ကြောင်း၊ ရေယာဉ်မထွက်ခွာမီနှင့် ရေယာဉ် ရောက်ရှိချိန်တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအဖွဲ့၏ သတ်မှတ်စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရန် လိုအပ်ပြီး ရေယာဉ်ဝင်/ထွက်မှုအတွက် ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ သတ်မှတ်နေရာတွင် ကုန်တင်ချမှုမပြုလုပ်ခြင်းနှင့် စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် ရေယာဉ်ပြေးဆွဲခွင့်နှင့် ကုမ္ပဏီ၏ ကုန်သွယ်မှုဆောင်ရွက်ခွင့်များကို ရုတ်သိမ်းအရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ အခြားပြည်နယ်နှင့်တိုင်းဒေသကြီး သို့မဟုတ် တောင်ကုတ်၊ ကျောက်ဖြူစသော ရခိုင်ပြည်တွင်းရှိ သတ်မှတ်ဆိပ်ကမ်းမှ ကုန်တင်ဆောင်လာသော ရေယာဉ်များသည် စစ်တွေရွှေမင်းဂံဆိပ်ကမ်း၌ OSS ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/224375

## ၂၀၂၂ ဇန်နဝါရီ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ အပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် လယ်ယာထွက်ကုန်သီးနှံများ

**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်မှာ အနည်းငယ်ဈေးပြန်တက်လာပါတယ်။ ဈေးကွက်အတွင်း အနည်းငယ် ဝယ်ယူလာမှုတွေ ပြန်သွက်လာတဲ့အတွက် ဈေးကပြန်တက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က အတက်ဈေးနဲ့ ဈေးစဖွင့်ခဲ့ပေမယ့် ဈေးပိတ်ချိန်မှာတော့ ဈေးတွေက ပြန်ကျဆင်းသွားခဲ့ပါတယ်။ လာမယ့် ၃ လပိုင်းကုန်အထိ ပဲတင်သွင်းမှုက ရှိနေသေးတဲ့အတွက် သိုလှောင်မှုတွေကရှိနေပါတယ်။ ပဲဈေးက ကျဆင်းသွားမှာစိုးတဲ့အတွက် လက်ရှိအတက်ဈေးနဲ့ ထုတ်ရောင်းမှုတွေရှိနေတယ်လို့လည်းသိရပါတယ်။ တစ်ပတ်အတွင်းမှာတော့ အတက်အကျတွေက တည်ငြိမ်မှုမရှိပါဘူး။ အိန္ဒိယပဲသတင်းအရ မြန်မာ့ပဲတင်ပို့မှုကို ၂ ဆ တင်ပို့ဖို့အတွက် ပဲကုန်သည်ကြီးတွေက တောင်းဆိုမှုတွေ ပြုလုပ်ထားတယ်လို့ သိရပါတယ်။ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၃ သိန်း ၅ သောင်းကျော်ပေါက်ဈေးရှိနေပြီ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂ သောင်းနီးပါးဈေးတက်လာပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၃၀၀၀၀ ကနေ ၁၃၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၄၃၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ပြည်ဈေးကွက်မှာလည်း တစ်တင်းကို ၄၅၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀ ကျပ် ဈေးတက်လာပါတယ်။

**ပဲစင်းငုံနီ**

ဒီတစ်ပတ်မှာတော့ ပဲစင်းငုံနီက မတ်ပဲထပ် ဈေးကပိုများနေပါတယ်။ ဈေးကွက်ထဲကို အဝင်များနေပေမယ့်လည်း ပြည်ပတင်ပို့မှုကြောင့် ဈေးကောင်းရရှိနေပါတယ်။ လာမယ့် ၃ လပိုင်းအကုန်အထိ အိန္ဒိယတင်ပို့မှုကရှိနေတဲ့အတွက် ပဲစင်းငုံနီက ကျဆင်းနိုင်ခြေနည်းတယ်လို့ ကုန်သည်တွေကဆိုပါတယ်။

အိန္ဒိယနိုင်ငံမှာ အိုမီခရွန်ကြောင့် ပဲတင်သွင်းမှုတွေကို ကန့်သတ်မှုတွေရှိတဲ့အတွက် ဈေးကပြန်တန့်သွားခဲ့ပေမယ့် ရာသီဥတုကြောင့် ပဲစင်းငုံအထွက်နှုန်းက ၃၀ ရာခိုင်နှုန်းထိ ကျဆင်းနိုင်မယ်လို့ ခန့်မှန်းမှုတွေကြောင့် ဈေးကအများကြီးကျဆင်း သွားတာမျိုးမရှိတာကိုလည်း တွေ့ရပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၁၃ သိန်း ၈ သောင်းကျော်အထိ ပေါက်ဈေး

ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၅ သောင်းနီးပါး ဈေးတက်လာပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၃၀၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၆၀၀၀ ကျပ်ဈေးတက်လာပါတယ်။ ပခုက္ကူဈေးကွက်မှာတော့ တစ်တင်းကို ၄၃၄၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၅၀၀ ကျပ်ဈေးတက်လာပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၄၃၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၅၀၀ ကျပ်ဈေးတက်လာပါတယ်။ အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၄၃၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ ကျပ် အသီးသီးဈေးတက်လာပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ဒီတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်ကျဆင်းသွားပါတယ်။ ဝယ်ယူမှုကတော့ ပဲလက်ကျန်လည်းမရှိတော့ပဲ အသစ်ကိုစောင့်နေတဲ့အတွက် ကြိုပွဲင့်ဝယ်ယူမှုတွေသာရှိနေပြီး ဈေးကအတက်အကျရှိနေတာဖြစ်ပေမယ့် အတက်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲလုံးဈေးနှုန်းက လက်ကျန်မရှိတဲ့အတွက် တစ်လနီးပါး ဈေးငြိမ်နေခဲ့ပါတယ်၊ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၂၉၀၀ ကျပ်ကနေ ၂၉၅၀ ကျပ်ပေါက်ဈေးရှိပြီး ၅၀ ကျပ် ဈေးကျဆင်းသွားပါတယ်။မန္တလေးဈေးကွက်မှာတော့ ကုလားပဲ (V2) က တစ်အိတ်ကို ၁၃၉၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၆၀၀၀ ကျပ်၊ ကုလားပဲ(ထိုင်ဝမ်)က ၁၂၅၀၀၀ ကျပ်ကနေ ၁၂၇၀၀၀ ပေါက်ဈေးရှိပြီး ၃၀၀၀ ကျပ်၊ ကုလားပဲ(929)က ၁၃၂၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ၃၀၀၀ ကျပ်၊ ကုလားပဲ (V7)က ၁၃၇၀၀၀ ကျပ်ကနေ ၁၃၈၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ၆၀၀၀ ကျပ် အသီးသီး ဈေးပြန်ကျဆင်းသွားပါတယ်။ မုံရွာဈေးကွက်မှာ ကုလားပဲ(929)က တစ်တင်းကို ၄၄၀၀၀ ကျပ် ပေါက်ဈေးရှိပြီး ၁၅၀၀ ကျပ်၊ ကုလားပဲ (V2) က တစ်တင်းကို ၄၆၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ၁၀၀၀ ကျပ်ဈေးတက်လာပါတယ်။

**ပဲလွန်းဖြူ**

ပဲလွန်းဖြူကတော့ ရန်ကုန်ဈေးကွက်မှာ ကျဆင်းနေပေမယ့် မန်းဈေးကွက်မှာတော့ ဆက်တိုက်ဈေးတက်နေပါတယ်။ အဝင်များလို့ ဈေးကျဆင်းပေမယ့် နယ်ဈေးကွက်မှာတော့ အဝယ်သွက်နေတယ်လို့သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲလွန်းဖြူ (ပဲခူး) က တစ်ပိဿာကို ၂၁၆၅ ကျပ်ကနေ ၂၂၅၀ ကျပ်ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်)ကတော့ တစ်ပိဿာကို ၂၀၅၀ ကျပ်ကနေ ၂၀၈၅ ကျပ်ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၅ ကျပ် ဈေးကျဆင်းသွားပါတယ်။ မန္တလေး ဈေးကွက်မှာ ပဲလွန်းဖြူက တစ်အိတ်ကို ၁၂၀၀၀၀ ကျပ်ကနေ ၁၂၇၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးတက်လာပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၃၉၀၀၀ ကျပ်ကနေ ၄၀၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ၂၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**Source:** https://greenwaymyanmar.com/posts/weekly_market_research_third_week_of_january_2022

## အင်းလေးခရမ်းချဉ်သီး ရာသီကုန်ချိန်တွင် ဈေးကျဆင်းခဲ့

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ခရမ်းချဉ်သီး ရာသီကုန်ချိန်၌ ဈေးနှုန်းကျဆင်းခဲ့ပြီး ယခုအခါ အသစ် စိုက်ပျိုးနေကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် ခရမ်းချဉ်စိုက်တောင်သူများထံမှ သတင်းရရှိ သည်။အင်းလေးခရမ်းချဉ်သီးသည် ၂၀၂၂ ခု နှစ် ဇန်နဝါရီ ၁၀ ရက်နောက်ပိုင်းတွင် တစ်တင်းလျှင် ကျပ် ၅၀၀၀ နှုန်းအထိ ဈေးကျဆင်းခဲ့ကာ ဇန်နဝါရီ ၂၂ ရက်တွင် အသီးကောင်း (ရှယ်အမှည့်) တစ်တင်းလျှင် ကျပ် ၁၀၀၀၀ အထိ အနည်းငယ်ဈေးတက်ခဲ့ပြန်ကြောင်း သိရသည်။

အင်းလေးခရမ်းချဉ်သီးဈေးနှုန်းသည် ၂၀၂၂ ခုနှစ် အစောပိုင်းချိန်အထိ (အလုံးကြီး) တစ်တင်းလျှင် ကျပ်သုံးသောင်းကျော်မှ လေးသောင်းအတွင်း ဈေးကောင်းရခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်နောက်ပိုင်းတွင် တစ်တင်းလျှင် ကျပ် ၅၀၀၀ အထိ ဈေးကျဆင်းခဲ့ကြောင်း ညောင်ရွှေမြို့မှ ခရမ်းချဉ်သီးစိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများ၏ ပြောကြားချက်အရသိရသည်။ "ခရမ်းချဉ်သီးဈေးကျသွားပြီ။ ရာသီကုန်ချိန် ဈေးကျတာပေါ့။ တစ်တင်း ငါးထောင်၊ လေးထောင်လောက်ကျသွားတယ်။ အသီးမှည့်ဈေးတော့ နည်းနည်းပြန်တက်လာတယ်။ အရောင်းအဝယ်ကောင်းလာတာပေါ့။ လူတွေ အဝယ်လိုက်လာတာပေါ့။ အခုချိန်စိုက်နေကြပြီ"ဟု ညောင်ရွှေမြို့ ခရမ်းချဉ်သီးကုန်စည်ဒိုင်မှ ဦးစိုးမြင့်သောင်းကပြောကြားသည်။

အင်းလေးဒေသထွက် ခရမ်းချဉ်သီးဈေးနှုန်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စံချိန်တင်ဈေးကောင်းရရှိခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာလလယ်ခန့်တွင် တစ်တင်းလျှင် ကျပ် ၅၂၀၀၀၊ ၅၃၀၀၀ အထိ စံချိန်တင်အမြင့်ဆုံးဈေးနှုန်းရရှိခဲ့ခြင်းဖြစ်သည်။"ဈေးက

တစ်သောင်းလောက်ဖြစ်သွားတာ။ အခုက နည်းနည်းပြန်တက်တာ။ ဟိုးတလောက ငါးထောင်ခြောက်ထောင်လောက်အထိ ဖြစ်သွားတယ်။ အသီးလည်းကုန်တော့မှာ၊ နည်းနေပြီ”ဟု မိုင်းသောက်ကျေးရွာမှ ဦးကျော်လွင်က ပြောကြားသည်။

အင်းလေးကန်အတွင်း ခရမ်းချဉ်သီးကျွန်း မျောစိုက်ခင်းများ အနည်းငယ်မျိုးစေ့ချနေသူများလည်းရှိပြီး မတ်လတွင် ရာသီကုန်မည်ဖြစ်သဖြင့် ဧပြီလခန့်တွင် နောက်ထပ်တစ်ရာသီအတွက် ပြန်လည်စတင်မည်ဖြစ်ကြောင်း ခရမ်းချဉ်စိုက်တောင်သူများထံမှသိရသည်။

**Source:** https://news-eleven.com/article/224452

## တရုတ်နိုင်ငံ၏ 5G ဖုန်းတင်ပို့မှု ၂၀၂၁ ခုနှစ်တွင် တရိုန်ထိုး မြင့်တက်လာ



https://xinhuamyanmar.com/mm-en/%e1%80%90%e1%80%9b%e1%80%af%e1%80%90%e1%80%ba%e1%80%94%e1%80%

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံမှ 5G ဖုန်းများ တင်ပို့ရောင်းချမှု ပမာဏသည် အလုံးရေ ၂၆၆ သန်းရှိခဲ့ပြီး မိုဘိုင်းလ်ဖုန်းဈေးကွက်ကို ဆက်လက်လွှမ်းမိုးထားနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာအကယ်ဒမီ (CAICT) မှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

မိုဘိုင်းဖုန်း တင်ပို့မှု ပမာဏမှာ ယခင်နှစ်ကထက် ၆၃.၅ ရာခိုင်နှုန်း တရိုန်ထိုးမြင့်တက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ၏ မိုဘိုင်းလ်ဖုန်း တင်ပို့ရောင်းချမှု စုစုပေါင်း၏ ၇၅.၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် 5G မော်ဒယ်သစ် ၂၂၇ ခုအား ဖြန့်ချိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၀.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန (MIIT) လက်အောက်ရှိ သုတေသနဌာန CAICT က ပြောကြားခဲ့သည်။

ဒီဇင်ဘာလတစ်လတည်းတွင် 5G ဖုန်းများ တင်ပို့ရောင်းချမှုသည် ပြီးခဲ့သည့်နှစ်ထက် ၄၉.၂ရာခိုင်နှုန်း တရိုန်ထိုးမြင့်တက်ခဲ့ပြီး အလုံးရေ ၂၇.၁၅ သန်းတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံအနေဖြင့် 5G ကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် နိုင်ငံတစ်ဝှမ်းတွင် 5G အခြေစိုက်လုပ်ငန်းပေါင်း ၆၅၄,၀၀၀ အား တည်ထောင်ခဲ့ကြောင်းသိရသည်။ ယခုအချိန်အထိ 5G အခြေစိုက်စခန်းပေါင်း ၁.၄၃ သန်း နီးပါးရှိကြောင်း MIIT မှ ထုတ်ပြန်သော အချက်အလက်များအရသိရသည်။

**Source:** https://xinhuamyanmar.com/mm-en/%e1%80%90%e1%80%9b%e1%80%af% e1%80%90% e1% 80% ba%e1%80%94%e1%80%

## တရုတ်နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းက တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထား



https://xinhuamyanmar.com/mm-en/%e1%80%90%e1%80%9b%e1%80%af%e1%80%90%e1%80%ba%e1%80%94%e1%80%

တရုတ်နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းသည် ပြီးခဲ့သည့်နှစ် ၂၀၂၁ ခုနှစ် ၁၁ လအတွင်း ဆက်တိုက်တိုးတက်မှုမပြတ်ဖြစ်ပေါ်ခဲ့ပြီး ထုတ်လုပ်မှု ၊ ဝင်ငွေနှင့် အကျိုးအမြတ်များ တိုးပွားလာကြောင်း တရားဝင်အချက်အလက်များတွင် ဖော်ပြခဲ့သည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ အထည်ချုပ်ကုမ္ပဏီကြီး ၁၂,၆၅၉ ခု၏ လည်ပတ်သည့်ဝင်ငွေအားလုံးပေါင်း ယွမ် ၁ ဒသမ ၃၃ ထရီလီယံ(အမေရိကန်ဒေါ်လာ ၂၀၉ ဒသမ ၄၈ ဘီလီယံခန့်) ရှိခဲ့ပြီး ယခင်နှစ်ကထက် ၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန (MIIT) ထံမှ သိရသည်။

ယင်းကုမ္ပဏီများ၏ စုစုပေါင်းအကျိုးအမြတ်သည် ယွမ် ၆၆ ဒသမ ၇ ဘီလီယံအထိရှိလာခဲ့ပြီး ယခင်နှစ်ကထက် ၁၂ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ထုတ်လုပ်မှုပမာဏပေါင်းသည် အထည်အရေအတွက် ၂၁ ဒသမ ၃ ဘီလီယံအထိ ယခင်နှစ်ကထက် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကာလအတွင်း တရုတ်နိုင်ငံ၏ အဝတ်အထည်နှင့်ဆက်စပ်ပစ္စည်းများ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၅၄ ဒသမ ၄ ဘီလီယံအထိ ၂၅ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း MIIT ၏ အချက်အလက်များတွင် ဖော်ပြထားသည်။

**Source:** https://xinhuamyanmar.com/mm-en/%e1%80%90%e1%80%9b%e1%80%af%e1%80%90% e1%80% ba% e1%80%94%e1%80%

## တောင်အာဖရိကနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍမှ ကုန်ထုတ်လုပ်မှုများ ဆက်လက်ကျဆင်းလျက်ရှိခြင်း

တောင်အာဖရိကနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍတွင် ကုန်ထုတ်လုပ်မှုများကျဆင်းလျှက်ရှိကြောင်း၊ အဓိကအားဖြင့် ဓါတုဗေဒပစ္စည်းများနှင့်ပရိဘောဂပစ္စည်းများဝယ်လိုအားကျဆင်းလျှက်ရှိကြောင်း၊ တောင်အာဖရိကနိုင်ငံစာရင်းအင်းဌာန၏ စာရင်းအရ ၂၀၂၁ ခုနှစ် နိုဝင်ဘာလအထိ ထုတ်လုပ်မှုကဏ္ဍမှ ကုန်ထုတ်လုပ်မှုသည် တစ်နှစ်ပတ်လုံးအတိုင်းအတာဖြင့် ၀.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်အောက်တိုဘာလတွင်လည်း လျှပ်စစ်ပြတ်တောက်မှုများစွာဖြစ်ပေါ်ခြင်း၊ သံမဏိနှင့်အင်ဂျင်နီယာကဏ္ဍတွင် သုံးပတ်ကြာဆန္ဒပြမှုများဖြစ်ပေါ်ပြီးနောက် ထုတ်လုပ်မှုများ ၈.၅ ရာခိုင်နှုန်းသို့ကျဆင်းသွားခဲ့ကြောင်း၊ ၎င်းနောက် အနည်းငယ် ပြန်လည်တိုးတက်လာခြင်းဖြစ်ကြောင်းသိရှိရပါသည်။

စာရင်းအင်းဌာန၏ထုတ်ပြန်ချက်အရ ဓါတ်ဆီ၊ ဓါတုဗေဒပစ္စည်းများ၊ သားရေနှင့်ပလတ်စတစ်ပစ္စည်းများ၊ အဓိကအားဖြင့် Coke၊ ဓါတ်ဆီဆိုင်ရာပစ္စည်းများနှင့် နျူကလီးယား စက်ဆီ ၁၃.၆ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပရိဘောဂနှင့်အခြားထုတ်ကုန်များလည်း ၇.၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သို့သော် အခြေခံသံနှင့်သံမဏိ၊ ဒြပ်သတ္တုပစ္စည်းများနှင့် စက်ပစ္စည်းထုတ်လုပ်မှုသည် ၄.၄ ရာခိုင်နှုန်းပြန်လည်တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင်လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ အစားအစာနှင့်အချိုရည်ထုတ်လုပ်မှုကဏ္ဍ အတွက်တိုးတက်သည့်အခြေအနေရှိခဲ့ကြောင်းသိရှိရပါသည်။

First National Bank ၏အတွေ့အကြုံရှိစီးပွားရေးပညာရှင် Thanda Sithole ကကုန် ထုတ်လုပ်မှုကဏ္ဍမှထုတ်ကုန်များဆက်လက်ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း၊ သို့သော် တိုးတက်မှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် အလယ်အလက်သာရှိနိုင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၂.၃ ရာခိုင်နှုန်းအထိကျဆင်းခဲ့သော်လည်း ၂၀၂၁ ခုနှစ်တွင် ၇.၆ ရာခိုင်နှုန်းပြန်လည်တိုးတက်ခဲ့ကြောင်း၊ အနာဂတ်ကာလ ထုတ်လုပ်မှုကဏ္ဍတိုးတက်မှုရှိနိုင်မည်ဟု ခန့်မှန်းနိုင်သော်လည်း ကိုဗစ်ရောဂါမဖြစ်ပွားခင် ထုတ်လုပ်နိုင်သည့် အဆင့်အောက်သာ ရောက်ရှိနေမည်ဖြစ်ပြီး၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလထုတ်လုပ်မှုထက် ၆.၁ ရာခိုင်နှုန်းအထိကျဆင်းနေမည်ဖြစ်ကြောင်း၊ Nedbank စီးပွားရေးပညာရှင် Nicky Weimar ကထုတ်လုပ်မှုကဏ္ဍ၏ အနာဂတ်သည် ကုန်ကြမ်းရရှိမှုပြတ်လပ်နေခြင်း၊ ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်များ၌ အခက်အခဲများရှိခြင်းနှင့် ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်ခများမြင့်တက်နေခြင်းများကြောင့် ထုတ်လုပ်မှုကျဆင်းနေမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုဗစ်မျိုးရိုးဗီဇပြောင်း Omicron အလျှင် အမြန်ပြန့်နှံ့မှုသည်လည်း အခြားကုန်သွယ်မှုနိုင်ငံများအကြား Lockdown များပြန်လည်ချမှတ်ရန်လိုအပ်မှုသည် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများအတွက် အနှောက်အယှက်များဖြစ်နိုင်ပြီး စီးပွားရေးပြန်လည်ကောင်းမွန်မှုအရှိန်ကို နှေးကွေးစေမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် တောင်အာဖရိကနိုင်ငံ၏ GDP ၁.၈ ရာခိုင်နှုန်းတိုးမြင့်နိုင်ရန်အတွက် အဓိကစိန်ခေါ်မှုသည် လျှပ်စစ်ဓါတ်အားရရှိမှု မလုံလောက်ခြင်းပင် ဖြစ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** https://www.iol.co.za/business-report/economy/manufacturing-sector-activity-Continues-to-decline- **afa705c1-5424-48f2-88f8-17beef40ea04**

**ကျော်ဆန်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တောင်အာဖရိက)**

## အမေရိကန်နိုင်ငံတွင် အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ကူးစက်မှုများကြောင့် စားသောက်ကုန်ရောင်းချ၊ ဖြန့်ဖြူးမှုအကြပ်အတည်းနှင့်ရင်ဆိုင်နေရ

အမေရိကန်နိုင်ငံတွင် အိုမီခရွန်မျိုးကွဲ ဗိုင်းရပ်စ်ကူးစက်မှုများကြောင့် စားသောက်ကုန် ထုတ်လုပ်၊ ဖြန့်ဖြူးမှုတွင် ဆိုးဝါးစွာ ထိခိုက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်သည့်စက်ရုံမှ စတိုးဆိုင်များ၊ ကုန်စုံဆိုင်များသို့ပို့ဆောင်ရန် လုပ်သားအင်အားရှားပါးသည့် အကြပ်အတည်းနှင့် ရင်ဆိုင်နေကြရကြောင်း ၂၄-၁-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

အရီဇိုးနားပြည်နယ်တွင် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီကြီးတွင် လုပ်သား (၁၀) ဦးလျှင် တစ်ဦးနှုန်း ဗိုင်းရပ်စ် ကူးစက်ခံနေရကြောင်း၊ မက်ဆာချူးဆက်ပြည်နယ်တွင်၊ လုပ်သားများဖျားနာနေကြသည့်အတွက် စူပါမားကတ်များနှင့် စားသောက်ဆိုင်များသို့ ရေထွက်ကုန်ဖြန့်ဖြူးမှု နှေးကွေးလျက်ရှိကြောင်း၊ အမေရိကန်၊ အရှေ့တောင်ဘက်ရှိ ကုန်စုံဖြန့်ဖြူးသည့် ကုမ္ပဏီကြီးတွင် ဝန်ထမ်းသုံးပုံတစ်ပုံခန့် ဖျားနာနေကြသည့်အတွက် ယာယီဝန်ထမ်းများ ငှားရမ်းဆောင်ရွက်နေကြရကြောင်း ဖော်ပြထားပါသည်။

လတ်တလော ပြန့်နှံ့လျက်ရှိသည့် ဗိုင်းရပ်စ်ကူးစက်မှု လျော့နည်းလာသည့်အချိန်တွင်လည်း ယခုကဲ့သို့ ခက်ခဲမှုကို သီတင်းပတ် များစွာ (သို့မဟုတ်) လပေါင်းများစွာ တောင့်ခံရနိုင်ဖွယ်ရှိကြောင်း စားသောက်ကုန်လုပ်ငန်း အမှုဆောင်များနှင့် သုတေသီများက သတိပေးပြောကြားခဲ့ကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်ခန့်ကလည်း ဗိုင်းရပ်စ်ကြောင့် ခရီးသွားလာမှုပိတ်ပင်ခဲ့ ချိန်တွင် အများအပြား ဝယ်ယူစုဆောင်းခဲ့ကြသည့်အတွက် အသား၊ မုန့်ဖုတ်ရာတွင် ထည့်သုံးသည့်ကုန်စည်များ၊ စက္ကူကုန်စည် များ အရောင်းဆိုင်များတွင် ပြတ်လတ်သည်အထိဖြစ်ခဲ့ကြောင်း၊ ယခုအခါ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသည့်ဘက်မှ အကြပ် အတည်းကြောင့် စိန်ခေါ်မှုသည် ပိုမိုဆိုးဝါးလာနိုင်သည်ဟု အမှုဆောင်အရာရှိကြီးများက ခန့်မှန်းပြောကြားခဲ့ကြောင်း၊ လုပ်သား ပြတ်လပ်မှုသည် ကုန်စည်ထုတ်လုပ်ရောင်းချမှုကို အကြီးအကျယ်ထိခိုက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

စျေးကွက်သုတေသနလုပ်ငန်း IRI ၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဒုတိယပတ်တွင် အမေရိကန် လက်လီရောင်းချသူများသည် ၎င်းတို့စီးပွားရေးအား ၈၆ ရာခိုင်နှုန်း ထိခိုက်မှုရှိခဲ့ကြောင်း၊ ယင်းသည် ကပ်ရောဂါအကြို ကာလ တွင် ၉၀ ရာခိုင်နှုန်းကျော် ထိခိုက်မှုနှင့်နှိုင်းယှဉ်ပါက လျော့နည်းနေသေးကြောင်း၊ အဆိုပါသီတင်းပတ်တွင်ပင် အမဲသား ထုတ်လုပ်မှုသည် မနှစ်က ကာလတူထက် ၅ ရာခိုင်နှုန်း၊ ဝက်သားထုတ်လုပ်မှုသည် ၉ ရာခိုင်နှုန်း၊ ကြက်သားထုတ်လုပ်မှုသည် ၄ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ကြောင်း၊ ထို့အတူ နို့ထုတ်လုပ်မှု၊ ချိစ်ထုတ်လုပ်မှု များလည်း ထိခိုက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

**Source:** https://www.wsj.com/articles/from-plants-to-store-shelves-u-s-food-supply-is-under-pressure-11642933805

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## ဂျာမနီနိုင်ငံ INTERCUS GmbH Company နှင့် ရန်ကုန်ဆေးတက္ကသိုလ်(၁)တို့အကြား အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခြင်း

ဂျာမနီနိုင်ငံ INTERCUS GmbH Company နှင့် ရန်ကုန်ဆေးတက္ကသိုလ်(၁)တို့အကြား ၂၄.၁.၂၀၂၂ ရက်နေ့တွင် အွန်လိုင်း Zoom အစည်းအဝေးပြုလုပ်၍ တွေ့ဆုံဆွေးနွေးရန် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ INTERCUS ကုမ္ပဏီသည် ဂျာမနီနိုင်ငံ Thuringia ပြည်နယ်ရှိ Bad Blankenburg မြို့အခြေစိုက် အရိုးအဆစ်ရောဂါ ဆေးကုသမှုဆိုင်ရာကိရိယာများ (Polyaxial angle-stable implants and medical instruments for Arthrodesis) ထုတ်လုပ်ဖြန့်ဖြူးသည့် ကုမ္ပဏီဖြစ်ပါသည်။ ၂၀၂၁ခုနှစ် ဇူလိုင်လ အတွင်း German Asia-Pacific Business Association (OAV) ၏အစီအစဉ်ဖြင့် Ambassadors in Dialogue ခရီးစဉ်တွင် မိတ်ဆက်တွေ့ဆုံခဲ့သော ကုမ္ပဏီဖြစ်ပြီး ကုမ္ပဏီမှထုတ်လုပ်သော medical instruments များကို မြန်မာနိုင်ငံ စျေးကွက်တွင် ဖြန့်ဖြူးနိုင်ရေး၊ ဆက်လက်၍ မြန်မာဆေးရုံများ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ဂျာမန်ဆရာဝန်များ လာရောက်ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးခြင်း၊ ကိရိယာများအား လေ့လာအသုံးပြုပုံနှင့် အခြားလိုအပ်သည့် အသိပညာပေးသင်တန်းအစီအစဉ်များ၊ ဆွေးနွေးပွဲများကိုလည်း နှစ်နိုင်ငံအကြား ပြုလုပ်သွားလိုကြောင်း ဆွေးနွေးမှုများရှိထားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ မြန်မာသံရုံး(ဘာလင်)မှ သံအမတ်ကြီးနှင့် စီးပွားရေးသံမှူး၊ ရန်ကုန်ဆေးတက္ကသိုလ် (၁)၊ အရိုးကုဆေးပညာဌာနမှ ဌာနမှူး၊ INTERCUS Company မှ မန်နေးဂျင်းဒါရိုက်တာ Mr.Thomas Busch နှင့် ဂျာမန်ပရော်ဖက်ဆာ Dr.Johannes Zeichen တို့ တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် သံအမတ်ကြီးက မြန်မာသံရုံးအနေဖြင့် ဂျာမနီနိုင်ငံတွင်း သွားရောက်သည့် ခရီးစဉ်များအတွင်း မြန်မာနိုင်ငံရှိ အရပ်ဖက်အဖွဲ့အစည်းများအတွက် လိုအပ်ပြီးအကျိုးရှိစေမည့် ခေတ်မီဆေးဝါးနှင့်ဆေးကုသမှု ကိရိယာများအသုံးပြုနိုင်ရန် ကမ်းလှမ်းလာခြင်းများရှိပြီး ထိုသို့ကမ်းလှမ်းမှုများအား သိရှိပူးပေါင်းဆောင်ရွက်နိုင်စေရန်ဖြစ်ကြောင်း၊ INTERCUS Company နှင့် ယင်းကဲ့သို့ ခရီးစဉ်များတွင် မိတ်ဆက်တွေ့ဆုံ၍ သံရုံးတွင် ဆက်လက်လာရောက် ဆွေးနွေးခြင်းရှိခဲ့ကြောင်း၊ ဂျာမနီနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် မစ်ရှင်အဖွဲ့များ မကြာမီ မြန်မာနိုင်ငံသို့သွားရောက်နိုင်ရေးအတွက် မြန်မာသံရုံးဘက်မှ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း၊ INTERCUS Company နှင့် ရန်ကုန်ဆေးတက္ကသိုလ်(၁) တို့အကြား နှစ်ဦးနှစ်ဘက်အကျိုးရှိစေမည့် Win-Win Situation ဖြစ်စေရန် ဆွေးနွေးပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးမှုမှ တဆင့် INTERCUS Company အနေနှင့် မြန်မာနိုင်ငံဘက်နှင့် ချိတ်ဆက်ပူးပေါင်းနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုရရှိနေပြီဖြစ်ကြောင်း၊ မြန်မာပြည် သွားရောက်မည်ဆိုပါက သံရုံးသို့ဗီဇာလျှောက်ထားရန် တင်ပြစာပေးပို့ရန်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနဘက်မှ ခွင့်ပြုထောက်ခံချက်ရရှိရေးအတွက် သံရုံးဘက်မှ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆွေးနွေး ပါသည်။

INTERCUS Company ဘက်မှ ဆွေးနွေးရာတွင် မြန်မာနိုင်ငံရှိ ငယ်ရွယ်သောဆရာဝန်များ၊ ဆေးကျောင်းသားများသည် မိမိတို့နည်းပညာများဖြန့်ဖြူးရန်အတွက် သင့်တော်ကောင်းမွန်သော အရင်းအမြစ်များဖြစ်ကြောင်း၊ ပထမနှစ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ပညာပေးသင်တန်းအစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများကို ဦးစွာစတင်လိုကြောင်း၊ ဒုတိယနှစ်တွင် စီးပွားရေးလုပ်ငန်းပိုင်းကို စတင်ရန်ရည်ရွယ်ထားကြောင်း၊ မြန်မာနိုင်ငံသို့ မျှားမကြာမီလာရောက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ လေ့လာမှုများပြုလုပ်ပြီး နှစ်ဘက်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ရန် ဖြစ်ကြောင်း၊ မိမိနှင့် Dr.Johannes Zeichen တို့တိုင်ပင်၍ ဆောင်ရွက်မည့်အစီအစဉ်များ အကြောင်းပြန်ကြားပေးမည်ဖြစ်ကြောင်း၊ သွားရောက်နိုင်မည့်အချိန်ကို စဉ်းစားဆုံးဖြတ်မည်ဖြစ်ပြီး ဗီဇာရရှိရေးနှင့်လိုအပ်သည်များပံ့ပိုးပေးစေလိုကြောင်း၊ Dr.Johannes Zeichen က ၎င်း၏ဆေးရုံတွင် Trauma and Orthopedic department အကြီးအကဲတစ်ဦးဖြစ်ပြီး တစ်နှစ်လျှင် လူနာပေါင်း(၃၀၀၀၀)ကျော်ကုသပေးနေပြီး ၎င်း၏အဖွဲ့အစည်းတွင် အဖွဲ့ဝင်(၂၀)ဦးရှိ ကြောင်း၊ Intercus Company နှင့် ပူးပေါင်းဆောင်ရွက်နေသည်မှာ (၁၄)နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လေ့လာပြီး လိုအပ်သည့်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်မည် ဖြစ်ကြောင်း ဆွေးနွေးကြပါသည်။

ရန်ကုန်ဆေးတက္ကသိုလ် (၁)၊ အရိုးကုဆေးပညာဌာနမှ ဆွေးနွေးရာတွင် ရန်ကုန်ဆေးရုံကြီးတွင် အထူးပြုဌာန(၂၀)ကျော်ရှိပြီး အရိုးအဆစ်ရောဂါဌာန(Orthopedics)တွင် လက်ရှိ ဆရာဝန်ပေါင်း (၃၀) ခန့်ရှိကြောင်း၊ ဝေးလံခေါင်ဖျားသည့်ဒေသများသို့ စေလွှတ်မှုများရှိပြီး Mobile program ဖြင့် သင်ကြားပံ့ပိုးမှုများရှိကြောင်း၊ လူနာများအတွက် နည်းပညာပိုင်းအပါအဝင် လိုအပ်နေသည့် အကူအညီများစွာရှိကြောင်း၊ NGO အချို့က အလှူငွေထောက်ပံ့မှုအနေဖြင့် နှစ်စဉ်ကူညီပေးနေသည်များ ရှိကြောင်း၊ ဦးစွာလာရောက်၍ မိမိတို့ လုပ်ငန်းဆောင်ရွက်နေမှုများကို လေ့လာပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို စဉ်းစားဆုံးဖြတ်စေလိုကြောင်း၊ လက်ရှိတွင် ပုဂ္ဂလိကဆေးရုံများသည် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှ ဆေးဝါးနှင့်နည်းပညာများကို အသုံးပြုကြပြီး အချို့မှာလည်း ပိုမိုခေတ်မီတိုးတက်သော နည်းပညာများကို အသုံးပြုလိုကြကြောင်း၊ လိုအပ်သည့် ချိတ်ဆက်မှုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ဆွေးနွေးပါသည်။

INTERCUS ကုမ္ပဏီအနေနှင့် နိုင်ငံပေါင်း(၂၀)ကျော်သို့ ကုမ္ပဏီထုတ်ဆေးကိရိယာပစ္စည်းများ တင်ပို့ဖြန့်ဖြူးလျှက်ရှိပြီး ဥရောပ၊ တောင်အမေရိကနှင့်အာရှနိုင်ငံများသို့ဖြစ်ပါသည်။ နိုင်ငံတကာကွန်ယက်ချိတ်ဆက်မှုများပြုလုပ်ထားပြီး အာရှနိုင်ငံများတွင် ဗီယက်နမ်၊ထိုင်း၊ ဆိုက်ပရပ်စ်နိုင်ငံတို့နှင့်ဖြစ်ပြီး ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့တွင် သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ဗီယက်နမ်နိုင်ငံတွင် Training Center ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ထားရှိပါသည်။ INTERCUS ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် http://www.intercus.de/en တွင် အချက်အလက်များ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

**သီတာဝင်းငွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘာလင်မြို့)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Jan. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,100 | 8,300 | 8,100 | 274 | 2,251,200 | 33,109,694 | 274,810 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,100 | 3,150 | 3,100 | 111 | 344,650 | 38,929,150 | 122,627 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 50 | 1,000,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 24 | 64,800 | 12,823,224 | 34,623 |
| EFR | 00006 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 19,977,223 | 58,933 |
| AMATA | 00007 | 5,100 | -400 | -7.27% | 5,100 | 5,100 | 5,100 | 100 | 510,000 | 10,497,598 | 53,538 |


## Market summary

As of 24th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.87 | -1.63 | -0.42% | 387.36 | 392.28 | 387.36 | 559 | 4,170,650 | 7 | 678,220 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 24th Jan. 2022

| MYANPIX | 389.87 ▼ 1.63 |
|---|---|
| Total Volume (shares) | 559 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 678,220 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,950 | ▲ 0 |
| AMATA | 00007 | 5,100 | ▼ 400 |